# ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ချင်းတိုင်းရင်းသားများလူ့အခွင့်အရေးချိုးဖေါက်ခံရခြင်းနှင့်ပတ်သက်၍

# ပူးတွဲသဘောထားထုတ်ပြန်ချက်

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်

၁။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်ပြင်ကျေးရွာနေ ချင်းတိုင်းရင်းသားများဖြစ်ကြသည့် ဦးကျော်အောင်၊ ဦးအေးလှ၊ ဦးမောင်စိန်၊ ဦးကျော်မြင့်ဦး၊ ဦးအောင်ကျော်လှနှင့် ဦးအောင်ဆိုတို့ ၆ ဦးအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ၊ အမှတ် ၃၄၄ ခြေလျင်တပ်ရင်းမှ ဗိုလ်မှူးတင်ထွဋ်ဦးပါ ၁၃ ဦးအဖွဲ့မှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် အဆက်အသွယ်ပြုလုပ်သည်ဟူသောစွပ်စွဲချက်ဖြင့် မတရားချုပ်နှောင်ရိုက်နှက်ခဲ့သည့်အပြင် စက်တင်ဘာလ ၄ ရက် နေ့တွင် ဗိုလ်မှူးတင်ထွဋ်ဦးမှ ၄င်းတို့အား ကြိုတင် ရေးထားသည့်ဝန်ခံဂတိပြုစာရွက်ပေါ်တွင် အတင်းအကြပ်လက်မှတ်ရေးထိုးစေခိုင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၂။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၉ - ၂၀ ရက်နေ့များတွင် ဦးကျော်အောင်၊ ဦးအေးလှ၊ ဦးမောင်စိန်၊ ဦးကျော်မြင့်ဦးနှင့် ဦးအောင်ဆိုတို့ ၅ ဦးအား တပ်ရင်းမှူးမှ ပြန်လည်တောင်းပန်ပါမည်ဟူသောအကြောင်းကြားစာဖြင့်၊ ၎င်းတို့အား ဖိတ်ကြား ခဲ့ပါသည်။ သို့သော် အမှန်တကယ်တွေ့ဆုံသောအခါ ၎င်းတို့အားတောင်းပန်ခြင်းမပြုဘဲ၊ ဗျူဟာမှူးကိုယ်တိုင်ဦးစီးကာ ၄င်းတို့အား ဗိုလ်မှူးတင်ထွဋ်ဦးနှင့်အဖွဲ့မှ ချုပ်နှောင်ရိုက်နှက်ခြင်းမရှိပါဟူသောကြိုတင်ရေးထားသည့် ဝန်ခံဂတိပြု စာရွက် ပေါ်တွင် အတင်းအကြပ်လက်မှတ်ရေးထိုးခိုင်းခြင်း ထပ်မံ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၃။ ချင်းအမျိုးသားတပ်ဦးသည် နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (ပြည်ထောင်စုအဆင့်) လက်မှတ် ရေးထိုးထားပြီးဖြစ်သည့်အပြင်၊ လက်ရှိတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးမှုများ ပေါ်ပေါက်နိုင်ရေးအတွက် တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေသော တိုင်းရင်းသားအဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

၄။ ချင်းအမျိုးသားတပ်ဦးသည် ချင်းလူမျိုးများဖြင့်ဖွဲ့စည်းထားသောတပ်ဦးဖြစ်ပြီး၊ ဒေသခံချင်းတိုင်းရင်းသားများနှင့် တရင်းတနှီး နေထိုင်ဆက်ဆံခြင်းသည်လည်းကောင်း၊ ဒေသခံချင်းတိုင်းရင်းသားများအနေဖြင့် ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်များနှင့် အဆက်အဆံရှိခြင်းသည်လည်းကောင်း သဘောရိုးသာဖြစ်ပါသည်။ ထိုအချက်ကို နားလည်နိုင်ခြင်းမရှိဘဲ ဒေသခံများအား အတင်းအကြပ် ချုပ်နှောင်ရိုက်နှက်ခြင်းပြုခဲ့သော ဗိုလ်မှူးတင်ထွဋ်ဦးပါ တပ်မတော်သား ၁၃ ဦး၏ လုပ်ရပ်သည် မိမိနှင့်လူမျိုးချင်းမတူသည့် ဒေသခံတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေခြင်းဖြစ်သည်။

၅။ ယခုကဲ့သို့ ဒေသခံတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပြန် အလှန် ယုံကြည်မှုတည်ဆောက်နေချိန်တွင် အပစ်အခတ်ရပ်ထားသောဒေသများမှ ဒေသခံတိုင်းရင်းသားများအနေဖြင့် တပ်မတော်အပေါ်ယုံကြည်မှု ပျက်ပြားစေနိုင်သည့်လုပ်ရပ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်သည်။

၆။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဒေသခံပြည်သူများအတွက် တရားမျှတမှုရရှိစေရန် ကျူးလွန်ထားသူများအား ထိရောက်သောအရေးယူမှုပြုလုပ်ပေးရန်၊ ဒေသခံပြည်သူများ လူ့ဂုဏ်သိက္ခာပြည့်ဝစွာ လုံခြုံမှု ရရှိစေရန်နှင့် နောင်တွင်လည်း မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များမှ ချင်းလူမျိုးအရပ်သားများအပေါ် လူ့အခွင့်အရေး

ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးရန် အောက်ဖော်ပြပါ ချင်းနိုင်ငံရေးပါတီများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအနေဖြင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကုလားတန် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Kaladan Development Foundation)
ခူမီးချင်းရေးရာအတိုင်ပင်ခံကောင်စီ (Khumi Affairs Consultative Council)
ချင်းလူ့အခွင့်အရေး အဖွဲ့အစည်း (Chin Human Rights Organization)
ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးပါတီ (Ethnic Nationalities Development Party)
အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party)

**ဆက်သွယ်ရန်။**
ဆလိုင်းကျဲအိုဘိခ်ထောင်း၊ အတွင်းရေးမှူး၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ။ ဖုံး - ၀၉၄၃၀၉၄၀၈၇
ဆလိုင်းအိုက်မောင်ညို၊ ညှိနှိုင်းရေးမှူး၊ ကုလားတန် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း။ ဖုံး - ၀၉၂၅၀၀၂၇၅၆၀